ပညာရေးဝန်ကြီးဌာန

# ပညာရေးသတင်းလွှာ

အတွဲ(၂၂)၊ အမှတ်(၂၀)

၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ(၃၁)ရက်

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၀၁၉ ခုနှစ် တက္ကသိုလ်များ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးနှီးနှောဖလှယ်ပွဲ အခမ်းအနားတွင် အဖွင့်အမှာစကားပြောကြား



ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့

## ၂၀၁၉ ခုနှစ် တက္ကသိုလ်များ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးနှီးနှောဖလှယ်ပွဲ အခမ်းအနား မှတ်တမ်းဓာတ်ပုံများ










ထုတ်ဝေသူ – ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာနက အခမဲ့ထုတ်ဝေဖြန့်ချိသည်။

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၀၁၉ ခုနှစ် တက္ကသိုလ်များ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးနှီးနှောဖလှယ်ပွဲ အခမ်းအနားသို့တက်ရောက်အမှာစကားပြောကြား

နေပြည်တော် အောက်တိုဘာ ၁၆




၂၀၁၉ ခုနှစ် တက္ကသိုလ်များ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးနှီးနှောဖလှယ်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၆ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂(MICC-2)၌ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဦးကျော်တင့်ဆွေ၊ သူရဦးအောင်ကို၊ ဦးသန့်စင်မောင်၊ ဦးသိန်းဆွေ၊ ဒေါက်တာမျိုးသိမ်းကြီး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းသိမ်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီးဦးဝင်းမော်ထွန်း၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ကျောင်းအုပ်ကြီးများ၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်များအဖွဲ့၊ အမျိုးသားအဆင့်အတန်းနှင့်အရည်အသွေးအာမခံမှုအကဲဖြတ်ရေးကော်မတီတို့မှ တာဝန်ရှိသူများ၊ စာတမ်းရှင်များ၊ တက္ကသိုလ်ဆရာသမဂ္ဂများမှ ဆရာဆရာမကိုယ်စားလှယ်များ၊ တက္ကသိုလ်ကျောင်းသားသမဂ္ဂများမှ ကျောင်းသားကျောင်းသူ ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်က "ယခုလို မြန်မာ့ပညာရေးအတွက် ထူးခြားလေးနက်ပြီး အနှစ်သာရပြည့်ဝတဲ့ပညာရေးနှီးနှောဖလှယ်ပွဲအခမ်းအနားမှာ အဖွင့်အမှာစကားပြောကြားရတဲ့အတွက် အထူးဂုဏ်ယူဝမ်းမြောက်ကြောင်းပြောကြားလိုပါတယ်။ မျက်မှောက်ကာလ နိုင်ငံတော်ကို ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်ရာမှာ အခြေအနေအချိန်အခါနဲ့လိုက်လျောညီထွေဖြစ်တဲ့အပြင် အမှန်တကယ် လိုအပ်နေတဲ့ မူဝါဒတွေ၊ စီမံကိန်းတွေ၊ လုပ်ငန်းစဉ်တွေကိုချမှတ်ပြီး အဘက်ဘက်က အားသွန်ခွန်စိုက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုအကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ထူးချွန်ထက်မြက်တဲ့လူ့စွမ်းအားအရင်းအမြစ်ဖြစ်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင်တွေအမြောက်အမြားလိုအပ်ပါတယ်။ အနာဂတ်နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်ကြရမယ့်မျိုးဆက်သစ်လူငယ်များ အပါအဝင်တစ်နိုင်ငံလုံးရဲ့ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဟာ အခြေခံကျတဲ့ လိုအပ်ချက်ဖြစ်ပါတယ်။ ဒါကြောင့် ပညာရေးကဏ္ဍမှာ အခြေခံပညာနဲ့ အဆင့်မြင့်ပညာ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်စေဖို့နဲ့နိုင်ငံတကာအဆင့်မီစေဖို့ ကြိုးပမ်းဆောင်ရွက်နေရခြင်းဖြစ်ပါတယ်။

ပညာရေးဝန်ကြီးဌာနအနေနဲ့ အရည်အသွေးရှိတဲ့ အမျိုးသားပညာရေးစနစ်ကို အပြည့်အဝအကောင်အထည်ဖော်ဆောင်နိုင်ဖို့အတွက် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၁၆-၂၀၂၁)ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသလိုပညာရေးမြှင့်တင်မှုတွေ



ဆောင်ရွက်ရာမှာ အထောက်အကူဖြစ်စေဖို့အတွက် ပညာရေးဆိုင်ရာနှီးနှောဖလှယ်ပွဲတွေကို နှစ်စဉ်နှစ်တိုင်းကျင်းပနေတာကို တွေ့ရပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၈ ခုနှစ်ကကျင်းပခဲ့တဲ့ ပညာရေးနှီးနှောဖလှယ်ပွဲမှာ စာတမ်း(၁၁)စောင်ဖတ်ကြားဆွေးနွေးခဲ့ပြီး ဖတ်ကြားဆွေးနွေးခဲ့ကြတဲ့ စာတမ်းများအရရှေ့ဆက်ဆောင်ရွက်ရမယ့် ရှေ့လုပ်ငန်းစဉ်များကိုချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတယ်လို့ သိရှိရပါတယ်။

ဒီနှစ်မှာလည်း အဆင့်မြင့်ပညာကဏ္ဍရဲ့နယ်ပယ်ပေါင်းစုံနဲ့သက်ဆိုင်တဲ့ စာတမ်းပေါင်း(၁၆)စောင်တင်သွင်းဖတ်ကြားပြီး ၂၀၁၉-၂၀၂၀ ခုနှစ်အတွင်း ဦးစားပေးအကောင်အထည်ဖော်ရမယ့် လုပ်ငန်းစဉ်များရရှိရေးအတွက် ပူးပေါင်းညှိနှိုင်းဆွေးနွေးသွားကြမယ်လို့သိရပါတယ်။ ဒီနှစ်ဖတ်ကြားတင်သွင်းမယ့် စာတမ်းတွေဟာလည်း ယခင်နှစ်တွေကဖတ်ကြားခဲ့တဲ့စာတမ်းများလိုပဲ ရှေ့လုပ်ငန်းစဉ်များကိုချမှတ်ပြီး အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်မယ့် ရလဒ်ကောင်းတွေကို ဖော်ဆောင်နိုင်လိမ့်မယ်လို့ ယုံကြည်မျှော်လင့်ပါတယ်။

လူသားတစ်ယောက်အတွက် ပညာရေးဆိုတာ ဘဝတစ်လျှောက်လုံးစဉ်ဆက်မပြတ် သင်ယူရမယ့်အရာဖြစ်ပြီး နိုင်ငံတစ်နိုင်ငံ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျတဲ့အရင်းအနှီးတစ်ရပ်လည်း ဖြစ်ပါတယ်။ အထူးသဖြင့် ၂၁ ရာစုနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးမှာ လူသားအရင်းအမြစ်ဟာ အထူးအရေးကြီးလှပါတယ်။ ဒါကြောင့် အဆင့်မြင့်ပညာအနေနဲ့ ကမ္ဘာနဲ့ရင်ပေါင်တန်းနိုင်မယ့်၊ ခေတ်မီလူ့စွမ်းအားအရင်းအမြစ်ဈေးကွက်တွေမှာ ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့၊ ကျွမ်းကျင်မှုအရည်အသွေး၊ အရည်အချင်းတွေပြည့်ဝတဲ့ လူငယ်တွေကို မွေးထုတ်ပေးနိုင်ဖို့ အထူးပဲအရေးကြီးပါတယ်။

ကမ္ဘာ့အဆင့်အတန်းမီတဲ့ ပညာရေးစနစ်ဖြစ်လာစေဖို့ သုတေသနလုပ်ငန်းတွေ၊ ဆန်းသစ်တီထွင်မှုတွေ၊ အသက်မွေးဝမ်းကျောင်းပညာတွေကို အားပေးပြီးဆောင်ရွက်သွားရမှာဖြစ်ပါတယ်။အမျိုးသားပညာရေးစနစ် ရေရှည်ဖွံ့ဖြိုးတိုးတက်မြင့်မားစေဖို့အတွက် ပညာရေးကဏ္ဍအသီးသီးမှာ အရည်အသွေးအာမခံစနစ်တစ်ရပ်ထားရှိရမှာဖြစ်ပါတယ်။ ဒီစနစ်ဟာ အမျိုးသားပညာရေးအရည်အသွေးကို အဆင့်မြင့်မားလာစေပြီးသင်ကြား၊ သင်ယူမှုအပိုင်းကိုတိုးတက်မြင့်မားစေဖို့အတွက်အထောက်အကူပြုမှာဖြစ်ပါတယ်။ ဒါ့အပြင်နည်းပညာရှင်များ၊ ပညာရေးစီမံခန့်ခွဲသူများ၊ ကျောင်းများ၊ သင်တန်းများနဲ့ တက္ကသိုလ်များက ဦးဆောင်သူများရဲ့အရည်အသွေးကို မြှင့်တင်ပေးမယ့် အစီအစဉ်တွေကိုလည်း အလေးပေးဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။

အဆင့်မြင့်ပညာမှာ အဓိကကျတဲ့ လုပ်ငန်းတစ်ရပ်ကတော့ သုတေသနလုပ်ငန်းပဲ ဖြစ်ပါတယ်။ အဆင့်မြင့်ပညာကဏ္ဍက ဆရာဆရာမတွေ၊ ကျောင်းသူကျောင်းသားတွေဟာ မိမိတို့စိတ်အားထက်သန်ရာ၊ ကျွမ်းကျင်ရာ နယ်ပယ်အသီးသီးမှာ သုတေသနလုပ်ငန်းတွေကို တစ်စိုက်မတ်မတ်လုပ်ဆောင်နေဖို့ အရေးကြီးပါတယ်။ သုတေသနလုပ်ငန်းအသီးသီးက ရရှိလာတဲ့ရလဒ်တွေကလည်း စီးပွားရေးဖွံ့ဖြိုးမှု၊ လူမှုအဆင့်ဖွံ့ဖြိုးမှု၊ စိတ်ပိုင်းရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုအတွက် အကျိုးပြုနိုင်မယ့် ရလဒ်တွေဖြစ်ဖို့လိုအပ်ပါတယ်။ သုတေသနလုပ်ငန်းတွေ၊ ပရောဂျက်တွေကလည်း အရေအတွက်ထက် အရည်အသွေးမြင့်မားပြည့်ဝဖို့လိုပါတယ်။ ဒါ့အပြင် ကျွန်မတို့နိုင်ငံအခြေအနေနဲ့ကိုက်ညီတဲ့ ဘာသာရပ်တွေ၊ ကိစ္စရပ်တွေကို အလေးထားဆောင်ရွက်သွားဖို့တိုက်တွန်းလိုပါတယ်။ အရင်နှစ်က ကျွန်မပြောခဲ့သလိုပဲ၊ သုတေသနလုပ်ငန်းတွေမှာ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းပိုင်းက ပံ့ပိုးကူညီမှုတွေရအောင် လုပ်ကြပါလို့ ထပ်မံတိုက်တွန်းလိုပါတယ်” ဟုပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က “အဆင့်မြင့်ပညာရေးဟာ နိုင်ငံတစ်နိုင်ငံရဲ့လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်ဖို့သာမက လူသားပီသတဲ့နိုင်ငံသားကောင်းတွေ၊ ကမ္ဘာသူ ကမ္ဘာသားကောင်းတွေဖြစ်လာစေရေးကိုလည်း ပဲ့ကိုင်ထိန်းကျောင်းပေးဖို့လိုအပ်ပါတယ်။ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ဖို့အတွက် စီးပွားရေးအဖွဲ့အစည်းတွေ၊ စက်မှုလက်မှုလုပ်ငန်းတွေမှာ လိုအပ်နေတဲ့ အရည်အချင်းပြည့်မီတဲ့ လူသားအရင်းအမြစ်များကို ပြုစုပျိုးထောင်ပေးဖို့လိုအပ်သလို အမြော်အမြင်ကြီးမားပြီး စိတ်ကောင်းနှလုံးကောင်းရှိတဲ့ နိုင်ငံသူနိုင်ငံသားကောင်းများ မွေးထုတ်ပေးနိုင်ဖို့လည်း လွန်စွာအရေးကြီးပါတယ်။ နိုင်ငံသူနိုင်ငံသားကောင်းတွေကသာ ငြိမ်းချမ်းသာယာပြီး အတူတကွလက်တွဲနေထိုင်နိုင်မယ့် ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ နိုင်ငံသူနိုင်ငံသားကောင်းတွေကပဲ ကမ္ဘာတစ်ဝန်းမှာ လူသားဆန်တဲ့၊ လူပီသတဲ့ ကမ္ဘာသူကမ္ဘာသားကောင်းတွေဖြစ်လာမှာ ဖြစ်ပါတယ်။




အဲဒီလို ဖြစ်လာဖို့ဆိုရင် ကျောင်းသူကျောင်းသားတွေကို စာသင်ခန်းအတွင်းမှာသာမက ဘက်စုံဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ပညာသင်ယူမှုကို စာသင်ခန်းထဲမှာပဲ ကန့်သတ်မထားဘဲ မိမိပတ်ဝန်းကျင်၊ မိမိဒေသ၊ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ တစ်သားတည်းဆက်စပ်ဖြစ်ထွန်းအောင် လေ့ကျင့်ပျိုးထောင်ပေးကြရမှာ ဖြစ်ပါတယ်။ ကျောင်းသား၊ ကျောင်းသူများအတွက် သင်ယူမှုဝန်းကျင်ကောင်းများဖြစ်လာစေရေးအတွက် စာဖတ်စွမ်းရည် အလေ့အကျင့်တွေ၊ စာပေပြိုင်ပွဲတွေ၊ ဟောပြောပွဲတွေ၊ ဆွေးနွေးပွဲတွေ၊ အားကစားပွဲတွေကိုလည်း အားပေးဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။ အမျိုးသားရေးစိတ်ဓာတ်နိုးကြားထက်သန်ပြီး ပြည်သူ့နီတိ၊ ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ လူ့အခွင့်အရေးကို တန်ဖိုးထားလိုက်နာတတ်တဲ့ လူငယ်လူရွယ်တွေကို မွေးထုတ်ပေးနိုင်ဖို့ ဦးတည်ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။

လက်တွေ့ကျတဲ့ ပညာရေးပြုပြင်ပြောင်းလဲမှုတွေကို အကောင်အထည်ဖော်တဲ့နေရာမှာ နည်းပညာနဲ့အသက်မွေးဝမ်းကျောင်းဆိုင်ရာပညာတွေကိုလည်း အလေးထားဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ တစ်ဖက်ကလည်း တိုင်းရင်းသားလူမျိုးစုများရဲ့ဘာသာစကား၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံအမွေအနှစ်များထိန်းသိမ်းနိုင်ရေးနဲ့ တိုင်းရင်းသားဘာသာစကားများ ရေရှည်တည်တံ့ရေးဆောင်ရွက်မှုများကိုလည်း ဟန်ချက်ညီညီဖြည့်ဆည်းပေးသွားရမှာဖြစ်ပါတယ်။ နိုင်ငံတော်ကြီးတစ်ခုလုံးဖွံ့ဖြိုးတိုးတက်လာစေဖို့အတွက်ဒေသတစ်ခုချင်းစီရဲ့ဖွံ့ဖြိုးတိုးတက်မှုဟာပဓာနကျတာနဲ့အမျှဒေသအလိုက်ပညာရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ ဒေသတွင်းမှာရှိတဲ့ သယံဇာတအရင်းအမြစ်များနဲ့ဆက်စပ်ပြီး ထိထိရောက်ရောက်အကျိုးရှိစွာ အသုံးချနိုင်ရေးတို့ကို ရည်ရွယ်လုပ်ဆောင်သွားရမှာဖြစ်ပါတယ်။

အနာဂတ် ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရာမှာ ပြည်ထောင်စုကြီးအဘက်ဘက်ကဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊စစ်မှန်တဲ့ပြည်ထောင်စုတည်ဆောက်နိုင်ရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေးတို့အတွက် စွမ်းရည်ထက်မြက်တဲ့ လူငယ်မျိုးဆက်သစ်လူ့စွမ်းအား အရင်းအမြစ်များရဲ့အခန်းကဏ္ဍဟာ အလွန်အရေးကြီးပါတယ်။ ဒီလိုစွမ်းရည်ထက်မြက်တဲ့ လူ့စွမ်းအားအရင်းအမြစ်တွေကို အရည်အသွေးမြင့်မားတဲ့ ပညာရေးကသာ မွေးထုတ်ပေးနိုင်မှာဖြစ်ပါတယ်။

ဒီကနေ့ပြုလုပ်တဲ့ ၂၀၁၉ ခုနှစ် တက္ကသိုလ်များဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးနှီးနှောဖလှယ်ပွဲကတစ်ဆင့် နိုင်ငံတော်ကလိုအပ်လျက်ရှိတဲ့ အရည်အသွေးမြင့်မားတဲ့ အဆင့်မြင့်ပညာရေးကိုဖော်ဆောင်ရာမှာ ဖြည့်ဆည်းပေးနိုင်မယ့် လုပ်ငန်းစဉ်တွေချမှတ်နိုင်ဖို့ ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးအကောင်အထည်ဖော်နိုင်မယ်လို့ ယုံကြည်မျှော်လင့်ပါတယ်။

ယခုကျင်းပတဲ့ နှီးနှောဖလှယ်ပွဲကထွက်ပေါ်လာမယ့် ရလဒ်ကောင်းတွေကတစ်ဆင့် ပညာရေးမြှင့်တင်မှုလုပ်ငန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ မညီမျှမှုများ၊ မတည်ငြိမ်မှုများကင်းဝေးပပျောက်ပြီး တရားဥပဒေစိုးမိုးမှု၊ တရားမျှတမှု၊ ငြိမ်းချမ်းမှု၊ လွတ်လပ်မှုများကို၊ နိုင်ငံသားတိုင်းတန်းတူညီမျှဖြစ်မှုတို့အတွက် မိမိတို့ကျရာနေရာကနေ တာဝန်ယူ၊ တာဝန်ခံမှုအပြည့်အဝနဲ့ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြပါလို့ တိုက်တွန်းလိုပါတယ်။ နိဂုံးချုပ်အနေနဲ့ ကျွန်မပြောလေ့ပြောထရှိတဲ့ စကားတစ်ချို့ကို ပြန်ပြောချင်ပါတယ်။ ကျွန်မတို့အားလုံးအတွက် အရေးကြီးတာကတော့ ပူးပေါင်းဆောင်ရွက်ရေးပဲဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မ ပညာရေးလောကမှာရော၊ ကျွန်မတို့ရဲ့ နိုင်ငံရေးလောကမှာရော အခုဆိုရင်သိပ်ခေတ်စားနေတဲ့ ခေါင်းဆောင်ဖြစ်မှုဆိုတာကို အလေးမထားဘဲနဲ့ ပူးပေါင်းဆောင်ရွက်မှုကို အလေးထားစေချင်ပါတယ်။ စုပေါင်းပြီးဆောင်ရွက်မှသာ ကျွန်မတို့အောင်မြင်နိုင်မှာပါ။ ကျွန်မတို့ အခုဒီနှစ်တွေအတွင်းမှာဆိုရင် ကျွန်မတို့နိုင်ငံတွင်သာမက ကမ္ဘာတစ်ဝန်းလုံးမှာ ခေါင်းဆောင်မှုနဲ့ပတ်သက်တဲ့ သင်ကြားရေးနှီးနှောဖလှယ်ပွဲတွေ ခဏခဏလုပ်တာကို သတိပြုမိပါတယ်။ အားလုံးကခေါင်းဆောင်ချည်းပဲ လုပ်ချင်ကြတယ်။ လူငယ်ခေါင်းဆောင်၊ အမျိုး

သမီးခေါင်းဆောင်၊ တိုင်းရင်းသားခေါင်းဆောင်၊ နိုင်ငံရေးခေါင်းဆောင်၊ စီးပွားရေးခေါင်းဆောင်၊ အားလုံးကခေါင်းဆောင်လုပ်ရင်ဘယ်သူကနောက်ကလိုက်မှာလဲ။ အရေးကြီးတာကစုပေါင်းပြီး အစုအဖွဲ့အနေနဲ့လုပ်ဆောင်ဖို့ပဲ။ အင်္ဂလိပ်လိုပြောရင် Teamwork ပါ။ ဒီလိုအစုအဖွဲ့တစ်ခုအနေနဲ့လုပ်ရင်ဦးဆောင်မှုပေးနိုင်တဲ့ လူတွေကသူတို့အလိုလို သူတို့ရဲ့ဆောင်ရွက်ချက်အရပေါ်လာပါမယ်။ဒါပေမယ့်ဒီလိုဦးဆောင်မှုပဲပေးတဲ့နေရာမှာ တခြားလူတွေနဲ့တန်းတူညီတူဖြစ်တယ်ဆိုတာလည်း သူတို့သဘောပေါက်ပြီးတော့မှ ထွက်လာတဲ့ခေါင်းဆောင်တွေမို့လို့ ပိုပြီးတော့ထိရောက်မယ်၊ ပိုပြီးတော့ နိုင်ငံကိုအကျိုးပြုမယ်။ ကျွန်မတို့ရဲ့ပြည်သူလူထုအားလုံးကို အကျိုးပြုနိုင်မှာဖြစ်ပါတယ်။

အဲဒါကြောင့် ကျွန်မတို့အားလုံးဟာ စုပေါင်းဆောင်ရွက်တဲ့စိတ်ဓာတ်ကိုပိုပြီးတော့ ဖွံ့ဖြိုးတိုးတက်အောင်လုပ်စေချင်ပါတယ်။ ကိုယ်တစ်ယောက်ကပဲ ရှေ့ကနေမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့မဟုတ်ဘဲနဲ့ အားလုံးနဲ့ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ကိုယ့်ရဲ့အားနည်းချက်တွေဆိုရင် ပြုပြင်နိုင်မယ်။ အားသာချက်တွေကို အများအတွက်သုံးနိုင်မယ်ဆိုတဲ့စိတ်ဓာတ်နဲ့ဆက်လက်ပြီးတော့ လုပ်ဆောင်သွားစေချင်ပါတယ်။ ဒါကြောင့်မို့နှီးနှောဖလှယ်ပွဲမှာ ဒီဟာကိုဦးတည်ပါလို့ ကျွန်မအနေနဲ့မေတ္တာရပ်ခံပါတယ်။ အားလုံးကပူးပေါင်းပြီးတော့ အဖွဲ့အစည်းတစ်ခုအနေနဲ့ဆောင်ရွက်ဖို့ ကိုယ်တစ်ယောက်တည်း ရှေ့ကနေဖို့မဟုတ်ဘဲနဲ့ ကိုယ်တတ်နိုင်တဲ့နေရာကနေ ပံ့ပိုးပေးဖို့ ဒါဟာ ပါမောက္ခချုပ်များတင်မကဆရာဆရာမများ၊ ကျောင်းသားများ၊ မိဘများ၊ ပြည်သူများအားလုံးမှာ တာဝန်ရှိပါတယ် ပြောရင်းနဲ့နိဂုံးချုပ်ပါတယ်" ဟုပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက တက္ကသိုလ်များကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပါမောက္ခချုပ်များကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်ဝေစိုးက ပါမောက္ခချုပ်များ ကော်မတီအနေဖြင့် တက္ကသိုလ်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ပါမောက္ခချုပ်များကော်မတီ အလုပ်အမှုဆောင် အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် တက္ကသိုလ်များဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးနှီးနှောဖလှယ်ပွဲကို ဆက်လက်ကျင်းပရာ Myanmar British Councilမှ Country Director Dr. Richard Sunderland က National Insitiute for Higher Education Development (NIHED) project စာတမ်းကိုလည်းကောင်း၊ Central European University မှ Senior Program Manager Mr.Oleksandr Shtokvych က Towards University Autonomy in Myanmar: Policies, Planning and Implementation စာတမ်းကိုလည်းကောင်း၊ အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး) ပါမောက္ခချုပ် (အငြိမ်းစား) ဒေါက်တာထင်ဇော်စိုးက မြန်မာနိုင်ငံတက္ကသိုလ်များ သုတေသနညီလာခံ(၂၀၁၉)ပြီးစီးမှုနှင့် အားသာချက်အားနည်းချက်များ စာတမ်းကိုလည်းကောင်း။

မုံရွာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစိုးဝင်းက မြန်မာနိုင်ငံ တက္ကသိုလ်များ၏ ဘဏ္ဍာရေးစနစ်နှင့်ဖွံ့ဖြိုးတိုးတက်မှုစာတမ်းကိုလည်းကောင်း၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းက တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ au mv ydf sm;w Gf e-Payment စနစ်ကျယ်ပြန့်စွာ အသုံးပြုနိုင်ရေးစာတမ်းကိုလည်းကောင်း၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမီမီသက်သွင်က ICT လုပ်ငန်းကော်မတီ၏ လုပ်ငန်းစဉ်များနှင့်ညှိနှိုင်းဆောင်ရွက်နေမှုစာတမ်းကိုလည်းကောင်း၊ စစ်ကိုင်းပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစောပြုးနိုင်က ပညာရေးကောလိပ်များရှိ(၂)နှစ်သင်တန်း အစီအစဉ်များကို (၄)နှစ်သင်ပညာရေးအထူးပြုဘွဲ့အစီအစဉ်များသို့ အဆင့်မြှင့်တင်ခြင်းစာတမ်းကိုလည်းကောင်း၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကြည်ရွှင်က Good Practice Guidelines of University Governance and Management စာတမ်းကိုလည်းကောင်း၊ မန္တလေးအဝေးသင်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာအောင်နိုင်စိုးက အဝေးသင် အနီးကပ်သင်တန်းများပြုပြင်ပြောင်းလဲရေးစာတမ်းကိုလည်းကောင်း၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ဓာတုဗေဒဌာန တွဲဖက်ပါမောက္ခ ဒေါက်တာမျိုးမင်းက အဆင့်မြင့်ပညာကဏ္ဍရှိ ဆရာဆရာမများ၏လူမှုဘဝအခက်အခဲများနှင့် ဖြေရှင်းနိုင်မည့်နည်းလမ်းများစာတမ်းကိုလည်းကောင်း ဖတ်ကြားကြရာ တက်ရောက်လာကြသူများကပြန်လည် ဆွေးနွေးကြသည်။

ယခု နှီးနှောဖလှယ်ပွဲကို အောက်တိုဘာ ၁၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး စာတမ်းရှင်(၈)ဦးမှ စာတမ်း(၈)စောင်ကို မြန်မာနိုင်ငံရှိတက္ကသိုလ်များကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖတ်ကြားဆွေးနွေးသွားမည်ဖြစ်ကြောင်းသိရသည်။

ယခုအခါ မြန်မာနိုင်ငံတွင် ဝန်ကြီးဌာန(၈)ခုအောက်၌ တက္ကသိုလ်ပေါင်း (၁၇၄)ခုဖွင့်လှစ်ထားရှိပြီး တက္ကသိုလ်(၁၆၄)ခုမှာ ပါမောက္ခချုပ်များကော်မတီတွင်အဖွဲ့ဝင်အဖြစ် ပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

## ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန သီးခြားရာထူးတိုး ပြောင်းဆောင်ရွက်မည့်တက္ကသိုလ်များ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၉



ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန သီးခြားရာထူးတိုး/ ပြောင်းဆောင်ရွက်မည့် တက္ကသိုလ်များ ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၉ ရက် နံနက် ၈ နာရီတွင် နေပြည်တော်ရှိပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၃) အစည်းအဝေးခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာ မျိုးသိမ်းကြီးကရာထူးတိုးပြောင်းသည့် ကိစ္စရပ်များ ဆောင်ရွက်ရာတွင် ဘက်မလိုက်ဘဲတရားမျှတမှုရှိအောင် ဆောင်ရွက် ကြရ မည်ဖြစ်ပါကြောင်း၊ စီမံခန့်ခွဲရေး အရည်အချင်းကောင်းမွန်သူ၊ ပူးပေါင်းဆောင်ရွက်မှု အားကောင်းသူ၊ တက္ကသိုလ်ဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်စွမ်းရှိသူ၊ ကျောင်းသား၊ ဆရာများ၏ အရေးကိစ္စများ ပူးပေါင်းဖြေရှင်းဆောင်ရွက်နိုင်စွမ်းရှိသူ ဆရာ ဆရာမများကို အားပေးဆောင်ရွက်စေလိုပါကြောင်း၊တက္ကသိုလ် အသီးသီးတွင် သုတေသနနှင့်သင်ယူ တတ်မြောက်မှုကောင်းမွန်ရေးဘက်တွင်သာမက စီမံခန့်ခွဲရေးဆိုင်ရာ၊ ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်မှုလုပ်ငန်းများတွင်လည်း ပူးပေါင်းဆောင်ရွက်တတ်သူများဖြစ်အောင် လေ့ကျင့်ပေးကြရန်လိုအပ်ပါကြောင်း၊ တက္ကသိုလ်များအနေဖြင့် ကျောင်းသားကျောင်းသူများအား လုပ်ငန်းခွင်အတွက် အဆင်သင့်ဖြစ်စေမည့် ကျွမ်းကျင်မှုများရရှိအောင် ပြုစုပျိုးထောင်မွေးထုတ်ပေးကြရမည် ဖြစ်ပါကြောင်း၊ မိမိတို့ တက္ကသိုလ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင်ဂုဏ်သိက္ခာ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီဆောင်ရွက်ကြရန်လိုပါကြောင်း၊ဘဏ္ဍာငွေကြေးဆိုင်ရာလုပ်ငန်းများကိုလည်းအကျိုးရှိ ထိရောက်စွာ ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများ၊ စာရင်းစစ်စည်းမျဉ်းစည်းကမ်းများနှင့် အညီ ဆောင်ရွက်ရန်လိုပါကြောင်း၊ ပညာရေးတွင် လိုအပ်ချက်များ၊ အခက်အခဲများ၊ မပြည့်စုံမှုများရှိနေသဖြင့် ဖြစ်ချင်သည်နှင့်လုပ်ချင်သည်ကို လုပ်ထုံးလုပ်နည်းနှင့် မကိုက်ညီဘဲ လုပ်ဆောင်မိပါက အခက်အခဲကြုံရတတ်သည်ကို သတိပြုစေလိုပါကြောင်း။

တက္ကသိုလ်များတွင် ကျောင်းသားကျောင်းသူများသင်ယူတတ်မြောက်အောင် ကြိုးပမ်းဆောင်ရွက်ပေးနေသည့် စာသင်ခန်းအတွင်းမှဆရာဆရာမများ၏ အခက်ခဲများ၊ မပြည့်စုံမှုများကိုပံ့ပိုးကူညီရန် အလေးထားဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ ဘာသာရပ်အရည်အသွေးပိုမိုကောင်းမွန်ရေး၊ အထူးပြုဘာသာရပ်နယ်ပယ်နှင့်လုပ်ငန်းခွင်တွင် လိုက်လျောညီထွေရှိရေး၊အသုံးချသုတေသနလုပ်ငန်းများဆောင်ရွက်နိုင်ရေး၊ ပုဂ္ဂလိက ကဏ္ဍ၊ နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ နိုင်ငံခြားပညာသင်စေလွှတ်ပေးနိုင်ရေးတို့ကို ပံ့ပိုးဆောင်ရွက်ပေးစေလိုပါကြောင်း၊ ပညာရေးကဏ္ဍအားလုံး၏ အခက်အခဲသည် ပညာရေးဝန်ကြီးဌာန၏ အခက်အခဲများဖြစ်ပါကြောင်း၊ ထိုအခက်ခဲများကိုစုပေါင်းအင်အားဖြင့် ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးအတွက် အရေးကြီးပါကြောင်း၊ ယနေ့ချိန်ခါတွင် နိုင်ငံ၏ပညာရေးအရည်အသွေးမြင့်မားရေးအတွက် မိမိတို့ကျရာအခန်းကဏ္ဍမှ ကျောင်းသားကျောင်းသူများအားလုံး သင်ယူတတ်မြောက်မှုအရည်အသွေး ကောင်းမွန်ရေး အထူးအားစိုက်ကြိုးပမ်းဆောင်ရွက်ပေးစေလိုပါကြောင်းစသည်ဖြင့် အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာသိန်းဝင်းက ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကိုတင်ပြသည်။

ယင်းနောက်တက္ကသိုလ် အသီးသီးမှ ပါမောက္ခချုပ်များနှင့်တာဝန်ရှိသူများက သိရှိလိုသည်များကို မေးမြန်းရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားပြီး အစည်းအဝေးအား အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့သည်။

(ပညာရေး)

## ပညာရေးစီမံခန့်ခွဲမှုဒီပလိုမာ ဘွဲ့လွန်သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၀

ပညာရေးဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာနများမှ အရာထမ်းများအတွက် ပညာရေးစီမံခန့်ခွဲမှု ဒီပလိုမာ ဘွဲ့လွန်သင်တန်း (Postgraduate Diploma in Education Management - DEM)ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၀ရက် နံနက် ၈ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)၊ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာရေးမြှင့်တင်မှုလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ အရာထမ်း၊ အမှုထမ်းများ၏စွမ်းဆောင်မှုအရည်အသွေးမြှင့်တင်ရေးကိုလည်း ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ပညာရေးဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၏ နည်းပညာပံ့ပိုးမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းများကို နေပြည်တော်တွင် ဖွင့်လှစ်ပေးလျက်ရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာနနှင့် ဒိန်းမတ်နိုင်ငံတို့ပူးပေါင်း၍ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ (Capacity Development Fund-CDF)ဖြင့် စွမ်းဆောင်ရည်မြှင့်တင်မှုလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိပါကြောင်း၊ အင်္ဂလိပ်စာဘာသာစကားကျွမ်းကျင်မှုသင်တန်း၊ ICT ကျွမ်းကျင်မှုဆိုင်ရာအခြေခံသင်တန်း၊ ခေါင်းဆောင်မှုနှင့်စီမံခန့်ခွဲမှုသင်တန်းစသည်တို့ကို ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ အရာထမ်းများအား သင်ယူမှုအခွင့်အလမ်းရရှိစေရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အရာထမ်းများအတွက် Governance and Management Seminars များကိုပြုလုပ်ပြီး သင်တန်းသား(၇၅)ဦးကိုလည်းကောင်း၊ Critical Thinking, Applied English and Microsoft Office သင်တန်း(၄)ကြိမ်တွင် သင်တန်းသား(၃၀၀)ဦးကိုလည်းကောင်း သင်ယူခွင့်ပေးနိုင်ခဲ့ရာ လက်တွေ့နယ်ပယ်တွင် အသုံးချ၍ စီမံခန့်ခွဲမှုလုပ်ငန်းများကို ပိုမိုကောင်းမွန်စွာ ဆောင်ရွက်လာနိုင်မည်ဟု ယုံကြည်ပါကြောင်း။

ယနေ့ဖွင့်လှစ်မည့် ပညာရေးစီမံခန့်ခွဲမှုဒီပလိုမာဘွဲ့လွန်သင်တန်းကို လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့ (သုတေသန) ရန်ကုန်ပညာရေးတက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်တို့နှင့်ပူးပေါင်း၍ University College of London-Institute of Education (UCL-IOE)မှ နည်းပညာပံ့ပိုးမှုရယူကာဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း၊ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေဖြင့် ဖွင့်လှစ်သည့် ပထမဆုံးဘွဲ့လွန်ဒီပလိုမာသင်တန်းဖြစ်ပြီး ပညာရေးစီမံခန့်ခွဲသူများသိရှိရန်လိုအပ်သည့် နိုင်ငံတကာအဆင့်မီဘာသာရပ်များကို သင်ကြားပို့ချပေးသည့်အတွက် သင်တန်းသားများအနေဖြင့် ကြိုးစားသင်ယူစေလိုကြောင်း၊ သင်ယူတတ်မြောက်စေရန် ပို့ချပေးမည့် ဆရာ၊ ဆရာမများအား ကျေးဇူးတင်ရှိပါကြောင်းနှင့် တက်ရောက်လာကြသည့် သင်တန်းသား၊ သင်တန်းသူများအား လှိုက်လှဲစွာကြိုဆိုပါကြောင်း၊ ယခုသင်တန်းတက်ရောက်မည့် အရာထမ်းဝန်ထမ်းများအနေဖြင့် မိမိတို့အတွက် အကျိုးရှိထိရောက်စေမည့် အရည်အသွေးများကို မြှင့်တင်ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ပညာရေးဝန်ကြီးဌာနမှဖွင့်လှစ်သည့် စွမ်းဆောင်ရည်မြှင့် သင်တန်းများစဉ်ဆက်မပြတ်အောင်မြင်စွာ ဆက်လက်ဖွင့်လှစ်သွားနိုင်ရေးအတွက်လည်း အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ပေးရန်တိုက်တွန်းပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒိန်းမတ်သံရုံးမှ Deputy Head of Mission, Ms. Hanne Carus, အမှာစကားပြောကြားပါသည်။

ထို့နောက် သင်တန်းတာဝန်ခံ ရန်ကုန်ပညာရေးတက္ကသိုလ်၊ တွဲဖက်ပါမောက္ခဒေါက်တာခင်မာနီက သင်တန်းဆိုင်ရာများ ရှင်းလင်းတင်ပြပြီး အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကူးကြသည်။

ယခုဖွင့်လှစ်သည့် ပညာရေးစီမံခန့်ခွဲမှုဒီပလိုမာဘွဲ့လွန်သင်တန်းသို့ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ အရာထမ်းများနှင့် နေပြည်တော်ကောင်စီနယ်မြေမှ အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများ အပါအဝင် စုစုပေါင်းသင်တန်းသားသင်တန်းသူ(၅၀)ဦးတက်ရောက်ကြပြီး ၂၀၂၀ခုနှစ်၊ စက်တင်ဘာလအထိ တစ်နှစ်ကြာစာတွေ့၊ လက်တွေ့သင်ယူရမည်ဖြစ်ကြောင်းသတင်းရရှိသည်။

**စနစ်ပြောင်း နဝမတန်း(Grade-10)နှင့် ဒသမတန်း(Grade-11) ဘာသာရပ်ဆိုင်ရာသင်ခန်းစာVideo များအား ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာန ၏** Website (http://dae.moe-st.gov.mm/) **နှင့်** Facebook Page **များဖြစ်သော** School Lesson Programs (https://www.facebook.com/School-Lesson-Programs--Depatment-of- Alternative-Education-120985882638395/) **နှင့်** Alternative Education Department (https://www.facebook.com/alternativeeducation52/) **တို့နှင့်** Youtube (https://www.youtube.com/watch?v=pUVwTeoDfPs) **တွင် လည်းကောင်း၊ ပညာရေးလှုပ်ရှားမှု သတင်းနှင့်မှတ်တမ်းဓာတ်ပုံများအား** Educational Information Department (https://www.facebook.com/EDIMYANMAR/) **တွင်လည်းကောင်း ကြည့်ရှုနိုင်ပါသည်။**

## ၂၀၁၉ ခုနှစ် တက္ကသိုလ်များ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးနှီးနှောဖလှယ်ပွဲ ဒုတိယနေ့ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၇



တက္ကသိုလ်များ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးနှီးနှောဖလှယ်ပွဲ အခမ်းအနား ဒုတိယနေ့ အစီအစဉ်ကို အောက်တိုဘာ ၁၇ ရက်နေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၂ (MICC-2)၌ဆက်လက်ကျင်းပလျက်ရှိရာ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက်ဆွေးနွေးပြောကြားသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက နှီးနှောဖလှယ်ပွဲတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြသူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ပညာရေးဝန်ကြီးဌာနအနေဖြင့် မည်သည့်ခွဲခြားမှုမျှမရှိရေး၊ မည်သူတစ်ဦးတစ်ယောက်မျှချန်မထားရေး၊ အားလုံးသင်ယူမှုအခွင့်အလမ်းရရှိရေးတို့ကို မူဝါဒအဖြစ်ထားရှိဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ ၂၁ရာစုခေတ်ကာလတွင် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးအတွက် ကျောင်းသားကျောင်းသူများအား High Level Skills ရရှိအောင် သင်ကြားသင်ယူလေ့ကျင့်ပေးကြရမည်ဖြစ်ပါကြောင်း၊ တက္ကသိုလ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးအတူတကွ ညီညီညွတ်ညွတ်ဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း စသည်ဖြင့်ဆွေးနွေးပြောကြားသည်။

ယနေ့ကျင်းပခဲ့သည့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးနှီးနှောဖလှယ်ပွဲတွင် နည်းပညာတက္ကသိုလ် (ကျောက်ဆည်) တွဲဖက်ပါမောက္ခဦးမျိုးသန့်က အဆင့်မြင့်ပညာကျောင်းများနှင့် ဆရာသမဂ္ဂများ၏ အခန်းကဏ္ဍ စာတမ်းကိုလည်းကောင်း၊ ရတနာပုံတက္ကသိုလ် အင်္ဂလိပ်စာဌာနကထိက ဦးသုတက အဆင့်မြင့်ပညာကျောင်းများ၏ ပညာရေးဆိုင်ရာ လွတ်လပ်စွာစီမံခန့်ခွဲမှုနှင့်စိန်ခေါ်မှုများ စာတမ်းကိုလည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကျော်ကျော်ခေါင်က ကိုယ်ပိုင်(သို့မဟုတ်) ပုဂ္ဂလိကကျောင်းများကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များဆိုင်ရာ စာတမ်းကိုလည်းကောင်း၊ President, Private Higher Education Institutions Association မှ ဒေါက်တာကျော်မိုးထွန်းက The Role of Higher Education in Myanmar: Opportunities, Challenge and Hopes စာတမ်းကိုလည်းကောင်း၊ နည်းပညာတက္ကသိုလ်(သန်လျင်) ပါမောက္ခချုပ် ဒေါက်တာသီဂီက University Industry Linkages စာတမ်းကိုလည်းကောင်း၊ မုံရွာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသူရဦးက တက္ကသိုလ်များရှိ နိုင်ငံတကာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဌာနများ၏ တာဝန်များ စာတမ်းကိုလည်းကောင်း၊ ပုသိမ်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစီစီလှဘူးက ဒေသနှင့်လိုက်လျောညီထွေရှိသော ဘွဲ့သင်တန်း၊ ဒီပလိုမာသင်တန်းများ၊ သင်ကြားသင်ယူမှုနည်းလမ်းများ၊ သုတေသနလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေးစာတမ်းကိုလည်းကောင်း၊ အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာနေဝင်းဦးက တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၏ အချက်အလက်များအပေါ် သုံးသပ်တင်ပြခြင်းစာတမ်းကိုလည်းကောင်း ဖတ်ကြားကြပြီး စာတမ်းအလိုက် ဆွေးနွေးညှိနှိုင်းရရှိချက်များကို အကြံပြုဆွေးနွေးကာရှေ့လုပ်ငန်းစဉ်များ ရေးဆွဲအတည်ပြုကြကြောင်း သိရှိရသည်။

(ပညာရေး)

## တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၏လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၈



တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၏ လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲကို အောက်တိုဘာ ၁၈ရက် နံနက် ၈နာရီတွင် နေပြည်တော်၊ ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၃)၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ ပါမောက္ခချုပ်များ၊ကျောင်းအုပ်ကြီးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခ (ဌာနမှူး)များ၊ ပါမောက္ခများ၊ ဌာနမှူး (စီမံ/ဘဏ္ဍာ)များ၊ဌာနမှူး(သင်တန်းရေးရာ) များနှင့် ဆရာဆရာမများ၊ သက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးကနိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်စဉ်ဘဏ္ဍာငွေအသုံးစရိတ်များကို တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိပြီး နှစ်အလိုက်အဆင့်ဆင့်တိုးမြှင့်ဆောင်ရွက်ပေးနေပါကြောင်း၊ သက်ဆိုင်ရာမိမိတို့ တက္ကသိုလ်၊ဒီဂရီကောလိပ်၊ကောလိပ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာငွေကြေးများ သုံးစွဲဆောင်ရွက်ရာတွင် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်း၊ တင်ဒါလုပ်ထုံးလုပ်နည်း၊ စာရင်းစစ် လုပ်ထုံးလုပ်နည်း မူဘောင်များနှင့်အညီ စနစ်တကျ အကျိုးရှိထိရောက်အောင် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏စီမံကြီးကြပ်မှုဖြင့် သုံးစွဲဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းစဉ်များအတွက်အစည်းအဝေးများကျင်းပဆောင်ရွက်ရာတွင် စနစ်တကျမှတ်တမ်းမှတ်ရာများဖြင့် အလေးအနက်ထားရှိရန်လိုအပ်ပါကြောင်း၊ နိုင်ငံခြားပညာသင်ဆုများကိုလည်း တစ်နှစ်ထက်တစ်နှစ်ပိုမို စေလွှတ်ပေးနိုင်ခဲ့ပါကြောင်း၊ နိုင်ငံခြားပညာသင်ဆု လျှောက်ထားလိုသော ဆရာဆရာမများအနေဖြင့် လုပ်ထုံးလုပ်နည်းစည်းမျဉ်းစည်းကမ်းနှင့်အညီ လျှောက်ထားနိုင်ပါကြောင်း၊ အသုံးချ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းကို အားပေးလျက်ရှိပါကြောင်း၊ သုတေသနလုပ်ငန်းများအတွက် ပူးပေါင်းဆောင်ရွက်ရာတွင်လည်းမိမိတို့ ဆောင်ရွက်မည့်သက်ဆိုင်ရာ နယ်မြေရှိ တိုင်းဒေသကြီး ပြည်နယ်အစိုးရအဖွဲ့များ ထံတင်ပြ၍ဆောင်ရွက်စေလိုပါကြောင်း၊ ပူးပေါင်းကူညီဆောင်ရွက်နိုင်ရေးအတွက် အပြုသဘောဆောင်သောအတွေးအခေါ် ပြုမူဆောင်ရွက်ချက်များဖြင့် အောင်မြင်အောင် ဆောင်ရွက်သွားကြရန်လိုပါကြောင်းစသည်ဖြင့် ပြောကြားသည်။

ထို့နောက် ဆရာကြီးပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က PROFESSIONAL IS MINISTRY OF EDUCATION ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင် အသင်းအလုပ်အမှုဆောင် အဖွဲ့ဝင် ဒေါက်တာဇော်ဌေးက ဘဏ္ဍာရေးစီမံခန့်ခွဲမှု၊ တိုင်းတာမှုစံ၊ အဓိကတာဝန်ရှိသူများတွေ့ကြုံနိုင်သော အဟန့်အတားနှင့် ဆောင်ရန် ရှောင်ရန် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးမြင့်က အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆောင်ရွက်မှုအစီအစဉ်များ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သန်းသန်းဝင်းက သင်တန်းရေးရာ၊ ပညာသင်ထောက်ပံ့ကြေးနှင့် တက္ကသိုလ်ဝင်ခွင့် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာသိန်းဝင်းက တက္ကသိုလ်များ၏စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းရာ ဆရာကြီးပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်နှင့် သက်ဆိုင်ရာ ဆရာကြီး ဆရာမကြီးများက ပြန်လည်ဆွေးနွေးဖြေကြားကြကြောင်း သတင်းရရှိသည်။

# ပညာရေးသတင်းလွှာ



## ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းကပ်လှူခြင်းဆိုင်ရာ နည်းပညာအလုပ်ရုံဆွေးနွေးပွဲ ပထမနေ့ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ သိင်္ဂုတ္တရကုန်းတော်ထက်တွင် မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ကာလမှ ယနေ့အချိန်တိုင်အောင် ရွှေတောင်ထွတ်ကြီးပမာ ကြည်ညိုဖွယ်ရာ ခမ်းနားသပ္ပာယ်စွာ တည်ဆောက်ပူဇော်ထားသည့် ရွှေတိဂုံစေတီတော်မြတ်ကြီးအား နှစ်ပရိစ္ဆေဒကြာမြင့်စွာ အရှည်တည်တံ့ခိုင်မြဲစေရန်အတွက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနကဦးစီးပြီး ပညာရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနတို့ပူးပေါင်း၍ ၊ ရွှေတိဂုံစေတီတော်မြတ်ကြီး ကြည်ညိုသပ္ပာယ်စွာဖူးတွေ့နိုင်ရေး ရွှေသင်္ကန်းကပ်လှူခြင်းဆိုင်ရာ နည်းပညာများဖလှယ်နိုင်စေရန်၊ ပြည်တွင်းပြည်ပမှ ရွှေသင်္ကန်းကပ်လှူခြင်းနှင့် ဆက်နွယ်သည့် သိပ္ပံနှင့်နည်းပညာရပ်များတွင် ဘာသာရပ်အလိုက် ကျွမ်းကျင်သူပညာရှင်များ၏ စာတမ်းဖတ်ကြားမှုများ ဟောပြောဆွေးနွေးပို့ချမှုများကို ကြားနာခွင့်ရရှိစေရန်၊ ရွှေတိဂုံစေတီတော်မြတ်ကြီးကို ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အထောက်အကူဖြစ်စေသော နည်းပညာများရရှိစေရန်၊ ရည်ရွယ်ချက်များဖြင့် ရွှေတိဂုံစေတီတော် ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ခြင်းဆိုင်ရာ နည်းပညာအလုပ်ရုံဆွေးနွေးပွဲ ပထမနေ့ကို အောက်တိုဘာ ၁၉ရက် နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမတွင် ကျင်းပပြုလုပ်သည်။

အခမ်းအနားကို ၀၉:၀၀ အချိန်တွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အကအလှများဖြင့် စတင်ဖွင့်လှစ်ပြီး ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ၊လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးသည် မြတ်စွာဘုရားရှင်လက်ထက်မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ တပေါင်းလပြည့်နေ့မှာ စတင်တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်သည့်အတွက် သက်တမ်းအားဖြင့် ၂၆၀၈ နှစ် သက်တမ်းရှိနေပြီဖြစ်ကြောင်း၊ သက်တမ်းကာလကြာမြင့်သည်နှင့်အမျှ မြန်မာမှာသာမက ကမ္ဘာအထိပါ အံ့ဖွယ်အဖြစ် ထင်ရှားကျော်ကြားလှတဲ့သမိုင်းဝင်စေတီတော်ကြီးတစ်ဆူဖြစ်ကြောင်း၊ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ၁၈၉၉ ခုနှစ်မှ စတင်ပြီး ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ခဲ့ကြောင်း၊ ၁၉၈၀-၁၉၈၁ ခုနှစ်မှစတင်၍ ရွှေသင်္ကန်းတော်များရဲ့တည်မြဲမှု ကာလအပေါ် မူတည်ပြီး ရွှေတိဂုံစေတီတော်မြတ်ကြီးအား ၅ နှစ်တစ်ကြိမ် ရွှေစင်ရွှေပြားနဲ့မျက်ပါးရွှေများ ကပ်လှူပူဇော်ခဲ့ပါကြောင်း ရွှေစင်ရွှေပြားများ အလဟဿဆုံးရှုံးမှုများမဖြစ်ပေါ်စေရန်နှင့် ရွှေသင်္ကန်းတော် အလှူရှင်များ၏လှူဒါန်းမှု ကုသိုလ်အကျိုးတရားပိုမိုပွားများနိုင်ရန်၊ အလှူရှင်များ လှူဒါန်းထားသော ရွှေစင်ရွှေပြားများ အရည်အသွေးမြင့်မားပြီးသက်တမ်းရှည်ကြာတည်တံ့စေရန် ရည်မှန်းချက်တို့ဖြင့် ရွှေစင်ပြား (Gold Plate)၊ရွှေလွှာတင် (Gold Coating)၊ရွှေမျက်ပါး(Gold Foil) တို့၏နည်းစဉ်များ၊ ၎င်းတို့ကို ကပ်သည့်ကော်နှင့်ပတ်သက်၍ သုတေသနပြုလုပ်နိုင်ရန်အတွက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနဲ့ ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး “ရွှေသင်္ကန်းတော်ကပ်လှူခြင်းဆိုင်ရာ နည်းပညာအလုပ်ရုံဆွေးနွေးပွဲ” ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ရခြင်းဖြစ်ပါကြောင်း။ ရွှေသင်္ကန်းတော်ကပ်လှူခြင်းဆိုင်ရာ နည်းပညာအလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်လာကြတဲ့ ပြည်တွင်း ပြည်ပပညာရှင်များ၊ စာတမ်းရှင်များနှင့် သက်ဆိုင်ရာနယ်ပယ်အလိုက်လက်တွေ့ဆောင်ရွက်လျက်ရှိကြတဲ့ လုပ်ငန်းရှင်များအနေနဲ့ ရွှေသင်္ကန်းတော်ကပ်လှူခြင်းဆိုင်ရာ နည်းပညာရပ်များကို ဝိုင်းဝန်း ဆွေးနွေးအကြံပြုပေးကြရန်၊ ဆွေးနွေးကြတဲ့နေရာမှာလည်း အဖွဲ့အစည်းတစ်ခုနှင့်တစ်ခုအကြား အပြန်အလှန်လေးစားမှုနှင့်တကွပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အကျိုးတို့ကို ရည်မှန်းပြီး မိမိတို့တတ်မြောက်ထားသည့် ပညာရပ်များဖြင့် ဆွေးနွေးအဖြေရှာကြလျက်ရလဒ်ကောင်းများထွက်ပေါ်လာရေး ဦးတည်ကြိုးပမ်းဆွေးနွေးပေးကြရန်လိုအပ်ကြောင်း အဖွင့်အမှာစကားပြောကြားပါသည်။

ထို့နောက် အခမ်းအနားတွင် ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဝင် ဦးအေးထွန်းက၊ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေစင်ရွှေပြားကပ်လှူပူဇော်မှုအခြေအနေ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Belgium နိုင်ငံမှ Professor Herman TERRYN က "Making Use of advanced analytical tools to understand degradation of metals in cultural heritage"ခေါင်းစဉ်ဖြင့်ဆွေးနွေးပြီးနောက် အမှတ်တရမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြပါသည်။ ဆက်လက်ပြီး ပြည်တွင်းပြည်ပပညာရှင်များကရွှေတိဂုံစေတီတော် ရွှေသင်္ကန်း ကပ်လှူခြင်းဆိုင်ရာ နည်းပညာရပ်များကို Power Point များဖြင့် ရှင်းလင်းတင်ပြဆွေးနွေးကြကာ အခမ်းအနား ပထမနေ့ကို ရုပ်သိမ်းခဲ့ပါသည်။

အဆိုပါ ရွှေတိဂုံစေတီတော် ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ခြင်းဆိုင်ရာ နည်းပညာအလုပ်ရုံဆွေးနွေးပွဲ ပထမနေ့သို့ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ပညာရှင်များ၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်းသတင်းရရှိသည်။(ပညာရေး)

## နေပြည်တော်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၀



ညောင်ပင်ရွာကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ဆောက်လုပ်လှူဒါန်းသည့် ခနေဖြူစာသင်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကိုအောက်တိုဘာ ၂၀ရက် နံနက် ၉ နာရီတွင် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နယ် ညောင်ပင်ရွာကျေးရွာအုပ်စု အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်၊ လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေး၊ လူဝင်မှုကြီးကြပ်ရေးနှင့်လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးမြင့်အောင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပိုက်ကို၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးမြမင်းဆွေ၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းနှင့် အလှူရှင် ဦးကျော်စည်သူနှင့် ဒေါ်မြသီတာတို့က ကျောင်းဆောင်လွှဲပြောင်းခြင်း အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာမျိုးသိမ်းကြီး၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် တာဝန်ရှိသူများက ခနေဖြူကျောင်းဆောင်သစ်ဆိုင်းဘုတ်အားစက်ခလုတ်နှိပ်ဖွင့်လှစ်ကြပြီး ကမ္ဗည်းမော်ကွန်းကျောက်စာအား နံ့သာရေပက်ဖျန်းကြသည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက အမှာစကားပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အမှာစကားပြောကြားရာတွင် အခက်အခဲရှိသောဒေသ၊ လိုအပ်ချက်များသောဒေသများကို ဖြည့်ဆည်းနိုင်ရေးအတွက် နှစ်စဉ်ဘဏ္ဍာငွေ တိုးမြှင့်ခွင့်ပြုလျက်ရှိရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် အသုံးစရိတ်ထက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ၁၀ ဆ ခန့် ပိုမိုသုံးစွဲလာပါကြောင်း၊ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေမှသာ ကျောင်းထွက်နှုန်းလျော့နည်းပြီး ကျောင်းထွက်သူလုံးဝမရှိတော့ဘဲ မူလတန်းကျောင်းသားကျောင်းသူအားလုံး မူလတန်းပညာသင်ယူပြီးမြောက်၍ အလယ်တန်း၊ အထက်တန်းတွင် ပညာဆက်လက်သင်ယူပြီးမြောက်ရေးသည် အရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၁၇ ခုနှစ် ထုတ်ပြန်သော Household Living Condition Survey-Poverty Report အရ ကျောင်းလုံးဝ မနေသူများသည် လယ်ယာစိုက်ပျိုးရေးတွင်သာ အများစုလုပ်ကိုင်ပြီး ဝင်ငွေအနည်းဆုံးဖြစ်၍ ဆင်းရဲမှုရာခိုင်နှုန်း အများဆုံးဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ မူလတန်းကျောင်းထွက်သူများသည်လည်း စိုက်ပျိုးရေးတွင် တတိယအများဆုံးလုပ်ကိုင်ပြီး ဝင်ငွေအနည်းဆုံးဖြစ်၍ ဆင်းရဲမှုရာခိုင်နှုန်း တတိယအများဆုံးဖြစ်သည်ကိုတွေ့ရှိရပါကြောင်း၊အလယ်တန်း၊ အထက်တန်းကျောင်းထွက်သူများသည် စိုက်ပျိုးရေးတွင် စတုတ္ထနှင့် ပဥ္စမအများဆုံးလုပ်ကိုင်ပြီး ဆင်းရဲမှုရာခိုင်နှုန်း စတုတ္ထနှင့်ပဥ္စမဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ သက်မွေးသင်တန်းပြီးသူများနှင့် တက္ကသိုလ်မှ ဘွဲ့ရရှိသူများကသာ ဝန်ဆောင်မှုကဏ္ဍများတွင် အများဆုံးအလုပ်ရရှိပြီး ဆင်းရဲမှုရာခိုင်နှုန်း အနည်းဆုံးဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ဆရာဆရာမများအနေဖြင့် ကျောင်းသားကျောင်းသူများ၏အခက်အခဲများ၊ လိုအပ်ချက်များကို မေတ္တာ၊ ကရုဏာ အသိစိတ်ဖြင့် သင်ယူတတ်မြောက်မှု အရည်အသွေးကောင်းမွန်ရေးအတွက် ပူးပေါင်းကူညီဖြည့်ဆည်းပေးရန်အတွက် အလွန်အရေးကြီးပါကြောင်း။

မကွေးတိုင်းဒေသကြီးတွင် အခြေခံပညာသင်ယူခွင့်ပိုမိုတိုးတက်ရရှိနိုင်ရေးအတွက် ကျောင်းအဆင့်တိုးမြှင့်ပေးခဲ့သည့်စာရင်းအရ ၂၀၁၇ - ၂၀၁၈ပညာသင်နှစ်တွင် ကျောင်း(၁၀၁၂)ကျောင်း၊ ၂၀၁၈-၂၀၁၉




ပညာသင်နှစ်တွင် (၁၀၅၄)ကျောင်း၊ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် (၉၃၃) ကျောင်းဖြစ်၍ အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်း စုစုပေါင်း(၄၃၉၂)ကျောင်းရှိလာပြီး မူလတန်းကျောင်းသား (၃၆၄၇၇၆)ဦး၊ အလယ်တန်း ကျောင်းသား (၂၇၈၅၇၄)ဦး၊ အထက်တန်းကျောင်းသား (၁၁၂၁၃၃)ဦး၊ စုစုပေါင်း ကျောင်းသား (၇၅၅၄၈၃)ဦး ဖြစ်လာ၍ မူလတန်းနှင့် အလယ်တန်းတွင် ကျောင်းတက်နှုန်း အလွန်မြင့်မားလာသည်မှာဂုဏ်ယူဝမ်းမြောက် မှတ်တမ်းတင်ပါကြောင်း၊ သို့သော် မူလတန်းကျောင်းသား ကျောင်းသူအားလုံး စာဖတ်တတ်ရန်၊ ရေးတတ်ရန်နှင့် အခြေခံသင်္ချာတွက်တတ်ရန် အလွန်အရေးကြီးပါကြောင်း၊ မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် သာအောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် အထူးအလေးထားကူညီပေးပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း။

ပညာရေးဝန်ကြီးဌာန အနေဖြင့်လည်း မကွေးတိုင်းဒေသကြီးတွင် လိုအပ်လျက်ရှိသော မူလတန်းပြ (၅၄၉၃)ဦး၊ အလယ်တန်းပြ(၂၅၅၂)ဦး၊ အထက်တန်းပြ(၂၈၄၂)ဦးတို့ကို လျာထားနှစ်အလိုက် သတ်မှတ်အရည်အချင်းပြည့်မီသူများကို စိစစ်ရွေးချယ်သင်တန်းပေး၍ ဒေသခံများ ပိုမိုခန့်ထားရေးအတွက် ခွင့်ပြုချက်ရရှိရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပေ (၆၀ × ၃၀ )ကျောင်းဆောင် စုစုပေါင်း (၆၁၇၆)ဆောင်၊ စာရေးခုံနှင့် ထိုင်ခုံ (၅၈၆၈၉)၊ သန့်စင်ခန်း (၁၄၃၂၁)တို့ကို ဖြည့်ဆည်းပေးရန်လိုအပ်ချက်ရှိပါကြောင်း၊ သောက်ရေလုံလောက်မှုမရှိသဖြင့် လိုအပ်နေသော ကျောင်း(၆၇၇) ကျောင်းရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာနက မကွေးတိုင်းဒေသကြီးတွင် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ခွင့်ပြုရန်ပုံငွေဖြင့် ၂၀၁၆-၂၀၁၇ တွင် ကျပ်သန်း(၁၀၉၆၉ ဒသမ ၇၅၈)ဖြင့် ကျောင်းဆောင်(၃၁၂)၊ ၂၀၁၇-၂၀၁၈ တွင် ကျပ်သန်း(၁၀၇၇၆ ဒသမ ၂)ဖြင့် ကျောင်းဆောင် (၂၅၆)၊ ၂၀၁၈-၂၀၁၉တွင် ကျပ်သန်း(၁၇၇၅၆ ဒသမ ၅၆)ဖြင့် ကျောင်းဆောင်(၄၅၇)၊ ၂၀၁၉-၂၀၂၀ တွင် ကျပ်သန်း(၁၇၇၉၈ ဒသမ ၀)ဖြင့် ကျောင်းဆောင် (၂၆၈)ဆောင် စုစုပေါင်း ကျောင်းဆောင် (၁၂၉၃)ဆောင်ကို ဖြည့်ဆည်းပေးရန် စီစဉ်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

မကွေးတိုင်းဒေသကြီးတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် စက်ပစ္စည်း၊ ပရိဘောဂခွင့်ပြုရန်ပုံငွေ ကျပ်သန်း (၅၁၀၀ ဒသမ ၈၂၈)ဖြင့် ကွန်ပျူတာ(၁၄၆၈)၊ စာရေးခုံ (အမြင့်)(၁၅၀၆၈)၊ စာရေးခုံ(အနိမ့်)(၂၅၁၅၁) စသည်တို့ကိုလည်းကောင်း၊ ပြုပြင်ထိန်းသိမ်းစရိတ် ခွင့်ပြုရန်ပုံငွေကျပ်သန်း(၁၀၈၅၈)ဖြင့်လည်း အဆောက်အဦများပြင်ဆင်ခြင်း၊ အပြီးသတ်ခြင်းလုပ်ငန်း(၅၇၅)ခု၊ လမ်းများဆောင်ရွက်ခြင်း(၁၂၁)ခု၊ ခြံစည်းရိုး၊ သန့်စင်ခန်း၊ ရေစနစ်များ ဆောင်ရွက်ခြင်းလုပ်ငန်း (၂၆၁၈)ခုတို့ကိုလည်း ဖြည့်ဆည်းပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အခြားတိုင်းဒေသကြီး၊ ပြည်နယ်များအတွက်လည်း ယခုကဲ့သို့ပင် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နှစ်စဉ် ပညာရေးဝန်ကြီးဌာနက သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များသို့ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေနှင့် သက်ဆိုင်သော တည်ဆောက်ရေး၊ ပြင်ဆင်ထိန်းသိမ်းရေး၊ စက်ပစ္စည်း ပရိဘောဂများအားလုံးအတွက် လုပ်ငန်းအပ်နှံဆောင်ရွက်လျက်ရှိသဖြင့် ပူးပေါင်းဆောင်ရွက်သောတိုင်းဒေသကြီး ပြည်နယ်အစိုးရအဖွဲ့များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မိဘ ဆရာ၊ ကျောင်းသားများ၊ ပြည်သူများအားလုံးကို လုပ်ငန်းများအချိန်မီ အရည်အသွေးပြည့်မီစွာဖြင့် အကျိုးရှိထိရောက်ပွင့်လင်းမြင်သာရေး ပူးပေါင်းကူညီပေးခဲ့ကြသည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် မှတ်တမ်းတင်ပါကြောင်း။

ပညာရေးသတင်းလွှာ
ကြီးကြပ်ရေးအဖွဲ့

ဥက္ကဋ္ဌ
ဒေါက်တာဇော်ဝင်း

ဒုတိယဥက္ကဋ္ဌ
ဦးသန့်ဇင်ထွန်း

အတွင်းရေးမှူး
ဒေါ်ကြည်ကြည်ခ

အဖွဲ့ဝင်များ
ဦးမြတ်ထွန်း
ဦးမျိုးအောင်
ဦးဇော်ဝင်း

တာဝန်ခံအယ်ဒီတာ
ဒေါ်ခင်နှင်းရီ

ကွန်ပျူတာ
ဦးသိန်းဝင်းကို
ဒေါ်ဇင်သူမိုး

ပြန့်ချိရေး
ဦးသိန်းဝင်းကို

တန်ဖိုး
အခမဲ့ ဖြန့်ဝေသည်။

အထူးသဖြင့် မကွေးတိုင်းဒေသကြီးတွင် လိုအပ်နေသော ကျောင်းဆောင်များကို ၂၀၁၇-၂၀၁၈ တွင် ကျပ်သန်း (၁၉၂၁ ဒသမ ၇၄၇)ဖြင့် (၂၅)ဆောင်၊ ၂၀၁၈-၂၀၁၉ တွင် ကျပ်သန်း (၂၄၂၁ ဒသမ ၇၃၉)ဖြင့် (၂၁) ဆောင်၊ ၂၀၁၉-၂၀၂၀ တွင် ကျပ်သန်း(၅၁၆၀ ဒသမ ၅၄၅)ဖြင့် (၁၀)ဆောင်တို့ကို ဆောက်လုပ်လှူဒါန်းခဲ့ကြသော ပြည်တွင်းပြည်ပအလှူရှင်များကို အထူးကျေးဇူးတင်ရှိပြီး ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ယခု ကျောင်းဆောင်ကြီးမှ ဒေသဖွံ့ဖြိုးရေးကို တာဝန်ယူ တာဝန်ခံ ပူးပေါင်းဆောင်ရွက်တတ်ပြီး ဆန်းသစ်တီထွင်ဖန်တီးနိုင်စွမ်းရှိသောလူသားကောင်းများ ပြုစုပျိုးထောင် သင်ကြားသင်ယူ လေ့ကျင့်ပေးနိုင်ပါစေကြောင်းပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေးက အမှာစကားပြောကြားပြီး အလှူရှင်ဦးကျော်စည်သူက ခနုဖြူစာသင်ကျောင်းဆောင် လှူဒါန်းရခြင်းနှင့် ဝမ်းမြောက်စကားပြောကြားသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ခနုဖြူစာသင်ကျောင်းဆောင်အလှူရှင် ဦးကျော်စည်သူနှင့်မိသားစုက အမှတ်တရပေးအပ်သည့် ခနုဖြူစာသင်ကျောင်းဆောင်၏ ဓာတ်ပုံအားလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။ ထို့နောက် ညောင်ပင်ရွာ မိဘများ၏ကိုယ်စား မိဘ ဆရာအသင်းနာယက ဦးညီညီက ကျေးဇူးတင်စကားပြောကြားပြီး စာသင်ကျောင်းဆောင်အလှူရှင်မိသားစုက စာသင်ကျောင်းဆောင်နှင့် သက်ဆိုင်သော စာရွက်စာတမ်းများအား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သည်။ ယင်းနောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အလှူရှင်များကပေးအပ်လှူဒါန်းသည့်ကျောင်းသုံးစာအုပ်များအား အလှူရှင်များကိုယ်စား ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

ယနေ့လှူဒါန်းသည့် ခနုဖြူစာသင်ကျောင်းဆောင်သစ်ကို အလှူရှင် ဦးကျော်စည်သူနှင့် ဒေါ်မြသီတာမိသားစုမှ (၁၀၀ × ၃၀) ပေRC(၂)ထပ် ခနုဖြူစာသင်ကျောင်းဆောင်သစ်နှင့် စာရေးစားပွဲများ၊ စာသင်ခုံများကို တန်ဖိုးကျပ်သိန်း (၁၅၀၀) ခန့်အကုန်အကျခံ၍ ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (ပညာရေး)

**စာမူဖိတ်ခေါ်ခြင်း**

ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာနက လစဉ်ပုံမှန်ထုတ်ဝေလျက်ရှိသော ပညာရေးသတင်းလွှာတွင် သတင်း၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ အတွေးအမြင်စသည်ဖြင့် ရေးသားဖော်ပြလိုပါက စာမူများအား အောက်ပါလိပ်စာသို့ ဆက်သွယ်ပေးပို့နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်–

ဖုန်း – ၀၁–၅၀၃၆၂၉၊ ၀၆၇၃–၄၃၀၅၀၅၊ ၀၉–၄၂၈၃၀၃၂၅၄၊
ဖက်စ် – ၀၁–၅၀၃၆၂၉၊ ၀၆၇၃–၄၃၀၅၀၅
**Email** – **edu.information.moe@gmail.com**

á ထုတ်ဝေပြီးသောသတင်းလွှာများအား **Website (http://www.moe.gov.mm/?q=news-sheet)**နှင့် **Facebook Page – Educational Information Department** (https://www.facebook.com/EDIMYANMAR/)တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ပုံနှိပ်သူ – ဦးအောင်ကြိုင် (မြဲ) ၀၀၇၇၉ ခင်စန္ဒာမော် ပုံနှိပ်တိုက် ရန်ကုန်မြို့တွင်ပုံနှိပ်သည်။

## အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁– ၂၀၃၀) ရေးဆွဲပြုစုရေးပထမအကြိမ်အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၄



ပညာရေးဝန်ကြီးဌာန၊ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) ရေးဆွဲပြုစုရေး ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၂၄ ရက် နံနက်၉နာရီတွင် နေပြည်တော်၊ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပရာပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက အမှာစကားပြောကြားရာတွင်ပညာရေးဝန်ကြီးဌာနက အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(National Education Strategic Plan-NESP)(၂၀၁၆-၂၀၂၁) ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ (၃)နှစ်တာကာလ ရောက်ရှိခဲ့ပြီဖြစ်ပြီး (Mid-Term Review) အစီရင်ခံစာကို ပြုစုနေပြီဖြစ်ကြောင်း၊ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) ရေးဆွဲနိုင်ဖို့ အချိန်ယူကြိုတင် ပြင်ဆင်ခဲ့ကြရပြီး Conference on Development Policy Options: Reference with Education and Health ကနေစတင်ခဲ့ပြီး ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း (Comprehensive Education Sector Review -CESR) ကိုအဆင့်(၃) ဆင့်နဲ့ ဆောင်ရွက်ခဲ့ကြကြောင်း၊ အဆင့်(၁) အချိန်တိုအတွင်းအကဲဖြတ်ခြင်း (Rapid Assessment)၊ အဆင့်(၂) အသေးစိတ်လေ့လာဆန်းစစ်ခြင်း (In-depth Study) နဲ့ အဆင့်(၃) အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ( National Education Strategic Plan - NESP) တို့ကို ပြည်တွင်း ပြည်ပ ပညာရှင်များ၊ ပညာရေးကဏ္ဍအသီးသီးမှ ပညာရေးနယ်ပယ်အလိုက်ကျွမ်းကျင်သူများ၊ ပညာရေးဝန်ကြီးဌာနနဲ့ ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ နည်းပညာနှင့်ဘဏ္ဍာရေးပံ့ပိုးမှုပေးကြသော ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ (Development Partners) အားလုံးတို့သည်အားသွန်ခွန်စိုက်ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြပါကြောင်း။

Evidence based National Education Strategy Plan အရ မည်သည့်ခွဲခြားမှုမျှမရှိဘဲ၊ တစ်ဦးတစ်ယောက်မျှမကျန်ဘဲကျောင်းနေအရွယ်ကလေးများအားလုံးကျောင်းနေရေး၊ ကျောင်းနေမြဲရေး၊အခြေခံပညာမူလတန်းပြီးမြောက်ရေး၊အခြေခံပညာအလယ်တန်း၊ အခြေခံပညာအထက်တန်း ဆက်လက်သင်ယူပြီးမြောက်ရေးတို့ကို အားသွန်ခွန်စိုက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အခြေခံပညာရေး သာမကနည်းပညာ၊ သက်မွေးပညာရေးနှင့်လေ့ကျင့်ရေးလုပ်ငန်းများ၊ အဆင့်မြင့်ပညာရေးလုပ်ငန်းများနှင့် ဘဝတစ်သက်တာပညာရေးလုပ်ငန်းများစနစ်တကျဖွံ့ဖြိုးရေးကိုအရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း။

ပညာသင်ယူမှုအခွင့်အလမ်းတိုးမြှင့်စေရန်အတွက် ဆရာများတိုးမြှင့်ခန့်ထားခြင်း၊ ကျောင်းများအဆင့်တိုးမြှင့်ခြင်း၊ ကျောင်းများအဆင့်တိုးမြှင့်မှုနှင့်အညီ လိုအပ်သောကျောင်းဆောင်အဆောက်အဦများ၊ အိမ်ရာများဆောက်လုပ်ပေးခဲ့ခြင်း၊ပညာသင်ထောက်ပံ့ကြေး၊ ကျောင်းဖွံ့ဖြိုးရေး ရန်ပုံငွေနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်အသစ်များ၊ ကျောင်းသုံးဗလာစာအုပ်များကို ပံ့ပိုးပေးခဲ့ခြင်း၊ ပညာရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ အရာထမ်း၊ အမှုထမ်းများအတွက် စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းများဖွင့်လှစ်ပေးခဲ့ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

နည်းပညာနှင့်သက်မွေးပညာရေးနှင့်လေ့ကျင့်ရေး သင်တန်းများကိုလည်းတက္ကသိုလ် ပညာရပ်များနည်းတူ ပထမတန်းစား ပညာရေးဖြစ်လာစေရန်၊ သင်ယူခွင့် အခွင့်အလမ်းပိုမိုရရှိနိုင်




စေရန်၊ ဒေသနှင့်လိုက်လျောညီထွေရှိသော ကျွမ်းကျင်မှုသင်တန်းများနှင့် ဘွဲ့သင်တန်းအခွင့်လမ်းများ ရရှိနိုင်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆရာဆရာမများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် အင်္ဂလိပ်စာ၊ အိုင်စီတီ၊ ဘာသာရပ်အထူးပြုနယ်ပယ်၊ သင်ကြားသင်ယူမှုနည်းလမ်း၊ စီမံခန့်ခွဲရေးဆိုင်ရာများတွင် စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းများ၊အသုံးချသုတေသနလုပ်ငန်းများ ပိုမိုလုပ်ဆောင်နိုင်ရန် အားပေးဆောင်ရွက်ခဲ့ပါကြောင်း၊ ဆရာအတတ်ပညာအရည်အသွေးမြင့်မားလာစေရေးအတွက် (၂)နှစ်သင်ပညာရေးကောလိပ်များကို (၄)နှစ်သင် ပညာရေးဒီဂရီကောလိပ်များအဖြစ် အဆင့်တိုးမြှင့်ရန်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၂၁-၂၀၃၀) ကဏ္ဍများအလိုက်လုပ်ငန်းများကလည်း ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း၊ မဏ္ဍိုင်(၃)၊ ပန်းတိုင်(၄) ၂၁ ရာစု လူမှုအဖွဲ့အစည်းအတွက် လူ့စွမ်းအားအရင်းအမြစ်များနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့်လည်း ချိတ်ဆက်ပေါင်းစည်းမှုရှိဖို့ လိုအပ်ပါကြောင်း။

ထို့ပြင် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) လုပ်ငန်းစဉ်များရဲ့စီမံကိန်းကာလအတွင်း ရလဒ်များ၊ စီမံကိန်းအပြီးရလဒ်များကို ဖော်ပြရာမှာ တိကျမှုရှိတဲ့ အညွှန်းကိန်း (Indicator)များကို ဖော်ပြနိုင်ဖို့ လိုအပ်ပါကြောင်း၊ ကဏ္ဍအလိုက်ရေးသားပြုစုတဲ့ အဖွဲ့ဝင်တွေထဲမှာ ပညာရှင်များ နယ်ပယ်စုံကပါဝင်ဖို့ လိုအပ်ပါကြောင်း၊ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) ရေးဆွဲပြုစုခြင်းတွင် ပါဝင်ဆောင်ရွက်ခြင်းသည် အနာဂတ်နိုင်ငံတော်ရဲ့လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရန် အထောက်အကူပြုမည့် အရည်အသွေးရှိသော သင်ယူမှုအခွင့်အလမ်းမြှင့်တင်မှုကို ကြိုးပမ်းဆောင်ရွက်ပေးခြင်းဖြစ်သည့်အတွက် ဝမ်းသာဂုဏ်ယူစွာ အတူလက်တွဲ ဆောင်ရွက်ကြဖို့ တိုက်တွန်းပါကြောင်းပြောကြားသည်။

ထို့နောက် နည်းပညာ၊သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာအေးမြင့်က အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁ -၂၀၃၀) ပြုစုရေးဆွဲရေးဆိုင်ရာ ရည်ရွယ်ချက်များ၊ လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးဒေါက်တာမျိုးသိမ်းကြီးနှင့် တက်ရောက်လာကြသည့်တာဝန်ရှိသူများက မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြသည်။

အဆိုပါအမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) ရေးဆွဲပြုစုရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် အုပ်စုငယ်များခွဲ၍ ဆွေးနွေးခြင်းကိုဆက်လက် ဆောင်ရွက်ကြသည်။

ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်၊ ပညာရေးမြှင့်တင်မှုကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၊အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ရေး ကော်မတီတို့မှ အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များကော်မတီမှ အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ၊ ဆရာသမဂ္ဂနှင့် ကျောင်းသားသမဂ္ဂတို့မှ ကိုယ်စားလှယ်များနှင့်ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) ရေးဆွဲပြုစုရေး ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲကိုနေပြည်တော် မင်္ဂလာသီရိဟိုတယ်တွင် အောက်တိုဘာ ၂၄ ရက်မှ ၂၅ ရက်ထိ ၂ ရက်ကြာ ကျင်းပ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။